## ၁၁။ မီလီဂျပိုး (ပိုးစေးနှဲ)

**Striped Mealybug: *Ferrisia virgata* (Cockerell, 1893)**

**Hemiptera: Psedococcidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**

 

အရွယ်ရောက်ပိုးစေးနှဲ (အမ) သည် စိမ်းဝါရောင်ရှိပြီး ခန္ဓာကိုယ်အဖျားပိုင်းတွင် ရှည်လျား သော အဖြူရောင်ရှိသည့် ဖယောင်းလွှာအမျှင် တစ်စုံပါရှိသည်။အရွယ်ရောက်ပိုးစေးနှဲ (အဖို) တွင် ရှည်လျားသော ဦးမှင်တစ်စုံပါရှိပြီး ခြေထောက် (၃)စုံပါရှိသည်။ ခန္ဓာကိုယ်အဖျားပိုင်းတွင် ရှည်လျားသော အဖြူရောင်ရှိသည့် ဖယောင်းလွှာအမျှင် တစ်စုံပါရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အပင်ထိပ်ဖျားရှိ အညွန့်များ၊ အရွက်များနှင့် အသီးများပေါ်တွင် စုပြုံနေထိုင်၍ ပင်ရည် များကိုစုပ်စားသည့်အတွက်ကြောင့် အရွက်များဝါလာခြင်း၊ ညှိုးလာခြင်းနှင့် အပင်များခြောက် လာပြီး အရွက်ကြွေခြင်းနှင့် အသီးကြွေကျခြင်းများ တွေ့ရသည်။

**ဘဝစက်ဝန်း**

ဥ အဆင့် – (၂-၃) နာရီ

ပိုးမမည် အဆင့် – (၄၃-၉၂) ရက်

အကောင်ကြီးအဆင့် – (၁၀-၅၆) ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)မီလီဂျပိုး (ပိုးစေးနဲ့) ကျရောက်မှုအား စဉ်ဆက်မပြတ် ကင်းထောက်စစ်ဆေးပါ။

(၂) ဖျက်ပိုးစတင်ကျရောက်သည်ကို တွေ့ရှိပါက ပြင်းထန်စွာကျရောက်နေသော အကိုင်းအခတ်များအား ဖြတ်၍ ချက်ချင်းမီးရှို့ ဖျက်ဆီးပါ။

(၃) မီလီဂျပိုး (ပိုးစေးနဲ့) များသည် တစ်နေရာ မှ တစ်နေရာသို့ ထိဆက်နေသော သစ်ကိုင်းများမှ တဆင့် လမ်းလျှောက်ကူးစက်နိုင်သောကြောင့် ကိုင်းကျပ်ကိုင်းညှပ်များ နှင့် တစ်ပင်နှင့်တစ်ပင် ထိဆက်နေသော ကိုင်းများအား ခုတ်ထွင်ရှင်းလင်းပါ။

(၄)သဘာဝသားရဲအင်းဆက်များအား ထိန်းသိမ်းကာကွယ်ပါ။

(၅) အလွန်ဆိုးရွားစွာ ကျရောက်ပါက ထိသေစားသေ (သို့) ပင်လုံးပြန့် အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။ (သို့) mineral oil နှင့် ရောစပ်၍ ဖြစ်စေပက်ဖျန်းကာကွယ်နှိမ်နင်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူး ဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍ စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- စပီရိုတတ်ထရာမက် (Spirotetramat)
- အဆီတာမိပရစ် (Acetamiprid)
- ကာဘာရိုင်းလ် (Carbary)